Inya Economics

December 2017

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်အား အကဲဖြတ်လေ့လာခြင်း




Photo Credit – Global News Light of Myanmar

Survey Research No.1

Inya Economics

December 30, 2017

Authors – Pyai Nyein Kyaw, Thurein Lwin

Data Analyst – Ye Min Aung

inyaeconomics@gmail.com

## မာတိကာ

**အဖွဲ့အစည်းအကြောင်း** ........ 2

လူငယ်ဘက်စုံဖွံ့ဖြိုးရေး ပွဲတော်နှင့် လူငယ်များ၏ နောက်ခံအကြောင်းအရင်း........ 2

**လေ့လာမှု နည်းစနစ်**........ 5

**ဖြေဆိုသူများ၏ နောက်ခံအချက်အလက်များ** ........ 5

**ဖြေဆိုသူများ၏ အလုပ်အကိုင်**........ 7

**မေးခွန်း (၁) ပုံ (၄) ပွဲတော်သတင်းရရှိမှု (စုစုပေါင်း)**........ 7

မေးခွန်း (၂) ပုံ (၆) မိမိအတွက် ဤပွဲတော်မှ ဘာအကျိုးအမြတ်ရမည်ဟု မျှော်လင့်ပါသနည်း?........ 9

**မေးခွန်း (၃) ပုံ (၇) ပွဲတော်ကို လှည့်လည်လေ့လာပြီးနောက် စိတ်ကျေနပ်မှု (ဖြေဆိုသူ စုစုပေါင်း)**........10

**မေးခွန်း (၄) လူငယ်တွေအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ယခုလိုပွဲတော်မျိုး ကျင်းပခြင်းအပေါ် အမြင်**........11

**မေးခွန်း (၅) ဤပွဲတော်ရဲ့ အားသာချက်တွေနဲ့ အားနည်းချက်က ဘာတွေလဲ** ........12

မေးခွန်း (၆) ပုံ (၁
(၁၀) ယခုလို ပွဲတော်မျိုးကို အခြားတက္ကသိုလ်များတွင် လုပ်မယ်ဆိုရင် လာဖို့ ဆန
ဆန္ဒရှိပါသလား ........13

**မေးခွန်း (၇) ဒီပွဲတော်က လူငယ်တွေကို ဘယ်လို Massage မျိုးပေးနိုင်တယ်လို့ ထင်ပါသလဲ**........14

**မေးခွန်း(၈) ပုံ(၁၁) မိမိအတွက် ဤပွဲမှ ဘာတွေ့လေ့လာရရှိခဲ့ပါသလဲ**........14

**ဆွေးနွေးချက်နှင့် အကြံပြုချက်များ** ........16

# လူငယ်ဘက်စုံဖွံ့ဖြိုးရေး ပွဲတော်အား အကဲဖြတ်လေ့လာခြင်း

## အဖွဲ့အစည်းအကြောင်း

Inya Economics သည် စီးပွားရေးမူဝါဒ၊ စီးပွားရေးနှင့် သက်ဆိုင်သော သုတေသနများကို အစိုးရနှင့် မူဝါဒရေးဆွဲသူများအား သုတေသန တွေ့ရှိချက်များ ပံ့ပိုးပေးနိုင်သည့် အတွက် ရည်ရွယ်တည်ထောင်ထားသည့် အစိုးရမဟုတ်သည့် ဘက်မလိုက်သော အဖွဲ့အစည်းတစ်ခု ဖြစ်သည်။ ဤအဖွဲ့အစည်းကို ရန်ကုန်စီးပွားရေး တက္ကသိုလ် မှ လူငယ်သုတေသီများမှ ဖွဲ့စည်းထားသော သုတေသန အဖွဲ့အစည်း တစ်ခုဖြစ်ပါသည်။

မိမိတို့အဖွဲ့မှ ထုတ်ဝေသော Product များမှာ *Inya Economic* Journal (၆လ တစ်ကြိမ်)၊ Policy Research၊ Survey Research၊ Economic Briefing၊ Commentary၊ Annual Report (တစ်နှစ် တစ်ကြိမ်)နှင့် Book တို့ဘဲ ဖြစ်ပါတယ်။

## လူငယ်ဘက်စုံဖွံ့ဖြိုးရေး ပွဲတော်နှင့် လူငယ်များ၏ နောက်ခံအကြောင်းအရင်း

အနာဂတ် မြန်မာ့လူဘောင်အဖွဲ့အစည်းတိုးတက်ရေးအတွက် လူငယ်များသည် အဓိကကျသော အခန်းကဏ္ဍမှ ပါဝင် နေကြောင်းအစိုးရအနေဖြင့် အသိအမှတ်ပြုထားသည်။ ထိုအသိအမှတ်ပြုမှုကို ဖော်ဆောင်သည့်အနေဖြင့် လူငယ်ဘက်စုံဖွံ့ဖြိုးရေး ပွဲတော်ကို အစိုးရမှ ဦးစီး၍ ဒီဇင်ဘာလ အစောပိုင်း ၂၀၁၇ ခုနှစ်တွင်း၊ ရန်ကုန်တက္ကသိုလ်၌ ကျင်းပခဲ့သည်။

ထိုသို့ ပွဲကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီကို ဖွဲ့စည်း၍ ဖော်ဆောင်ခဲ့သည်။ ထိုဦးစီးကော်မတီတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ကော်မတီဝင်အဖြစ် ပြည်ထောင်စုဝန်ကြီးများ ဖစ်ကြသည့် ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်မြင့်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဒုတိယဝန်ကြီးဗိုလ်ချုပ် အောင်စိုးနှင့် ဦးစိုးအောင်၊ တိုင်းဒေသကြီးအစိုးရဝန်ကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်ဒုတိယတိုင်းမှူးနှင့် ဖြစ်မြောက်ရေး ဦးစီးကော်မတီ ဝင်များ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီ များဖြင့် ပါဝင်ပေါင်းစပ်ဖွဲ့စည်းထားသည်။

ပြန်ကြားရေးဝန်ကြီးအနေဖြင့် မြန်မာ့အဖွဲ့အစည်းကို လွတ်လပ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု နှင့် ကြွယ်ဝချမ်းသာမှုဆို အခြေခံတန်ဖိုးများဖြင့် ဖန်တီးတည်ဆောက်လျက်ရှိရာ အနာဂတ်မြန်မာ့လူ့ဘောင်အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်များသည် အဓိက ကျသော အခန်းကဏ္ဍမှ ပါဝင်နေသည်ဟု ဆိုသည်။ ထို့အပြင် အဆိုပါ ပွဲသည် လူငယ်ရေးရာမူဝါဒပြဌာန်းနိုင်ရန်လည်း အထောက်အကူပြုသည့် ပွဲတော်လည်းဖြစ်သည် ဟု ဆိုသည်။

ယခင်အစိုးရများအနေဖြင့် လူငယ်များ၏ အခန်းကဏ္ဍကို လစ်လျစ်ရှု့ထားသည်မှာ ဆယ်စုနှစ်များစွာ ကြာခဲ့ပြီ ဖြစ်ပါသည်။ ပြင်တွင်း၊ ပြည်ပ အဖွဲ့အစည်း အနည်းငယ်လောက်ကသာ လူငယ်များ ဖွံ့ဖြိုးတိုးတက်စေဖို့လုပ်ဆောင်ပေးနိုင်ကြသည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် ၂၀၁၅ရွေးကောက်ပွဲတွင် အနိုင်ရရှိလာသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အစိုးရအနေဖြင့် တာဝန်ယူနေသော ယခု၂၀၁၇ကာလတွင်မူ လူငယ်များ၏ အခန်းကဏ္ဍတိုးတက်လာစေရန် ပိုမိုဦးစားပေးလုပ်ဆောင်လာသည်ကို တွေ့ရသည်။

**ပုံ(၁) အသက်အုပ်စုနှင့် ကျား/မ အလိုက် လူဦးရေ (၂၀၁၄)**




အရင်းအမြစ် - ၂၀၁၄ သန်းခေါင်စာရင်း

အထက်ပါပုံ(၁)တွင် မြန်မာနိုင်ငံတွင် ၁၅နှစ်မှ ၆၄နှစ် အတွင်းရှိသော အလုပ်လုပ်နိုင်စွမ်းရှိသော လူဦးရေမှာ စုစုပေါင်း လူဦးရေ အရေအတွက်၏ ၆၀ရာခိုင်နှုန်းကျော်ရှိသည်ကိုတွေ့ရသည်။ မြန်မာနိုင်ငံ၏ လူငယ်ဦးရေအချိုးသည် မြင့်တက်လျက်ရှိပြီး လူငယ်ဦးရေများပြားနေသည့်အတွက် မြန်မာနိုင်ငံသည် "လူဦးရေ ဆုလာဘ်"ကို ရရှိ ခံစားနေကြောင်း လူဦးရေပိရမစ်က ဖော်ညွှန်းနေပါသည် ဟု ၂၀၁၄ သန်းခေါင်းစာရင်းတွင် သုံးသပ်ဖော်ပြထားပါသည်။

**ပုံ (၂) အသက်အုပ်စုနှင့် ကျား/မအလိုက် လူဦးရေ (၁၉၇၃၊ ၁၉၈၃၊ ၂၀၁၄)**




အရင်းအမြစ် - ၂၀၁၄ သန်းခေါင်စာရင်း

မြန်မာနိုင်ငံတွင် အမျိုးသမီးဦးရေသည် လူဦးစုစုပေါင်း၏ ၅၁.၈ရာခိုင်နှုန်းရှိသည့်အတွက် လူဦးရေ ညီမျှမှုရှိသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ အခြေအနေသည် အထက်ပါ ပုံများကို ကြည့်ခြင်းအားဖြင့် လူငယ်များ၏ အခန်းကဏ္ဍ၊ အလုပ်အကိုင်ရရှိမှု၊ ပညာရေးနှင့် ကျန်းမာရေးတို့ကဏ္ဍတို့ကို မြင့်တင်ရန်မှာ သေချာပေါက် လုပ်ဆောင်ရမည့် အချက်ဖြစ်သည်ကိုတွေ့ရပါသည်။

## လေ့လာမှု နည်းစနစ်

ဤအကဲဖြတ်လေ့လာမှုနှင့် အချက်အလက်ကောက်ယူမှုတွင် ကွင်းဆင်းလေ့လာခြင်းဖြင့် အချက်အလက်များ ကောက်ယူခဲ့သည်။ ကွင်းဆင်း ကောက်ယူ ရာတွင် ကျပန်းနည်းဖြင့် ကောက်ယူခဲ့ပြီး၊ တစ်ချိန်တည်းတွင် ကောက်ယူခဲ့ခြင်းဖြစ်သည်။ နမူနာကောက်ယူရာတွင် စုစုပေါင်းအားဖြင့် ၄၆ ဦး ကောက်ယူနိုင်ခဲ့သည်။ ဖြေဆိုသူအမျိုးအစားများအားလုံးပါဝင်နိုင်စေရန် ပွဲကျင်းပသည့် တက္ကသိုလ်နယ် တစ်ခုလုံးအား အကျုံးဝင်စေရန် အချက်အလက်များ ဖြန့်ကျက်ကောက်ယူခဲ့သည်။

## ဖြေဆိုသူများ၏ နောက်ခံအချက်အလက်များ

| ဖြေဆိုသူ | ဦးရေ | ရာခိုင်နှုန်း |
|---|---|---|
| မ | ၂၆ ဦး | ၅၇ % |
| ကျား | ၂၀ ဦး | ၄၃ % |
| စုစုပေါင်း ဖြေဆိုသူ | ၄၆ ဦး | ၁၀၀ % |

မိမိတို့ Inya Economics အနေဖြင့် အစိုးရသစ်လက်ထက်တွင် ပထမဦးဆုံးကျင်းပသော လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်နှင့် ပတ်သက်၍ ပွဲတော်အပြီးတွင် ဆန်းစစ်လေ့လာမှုများကို လုပ်ခဲ့သည်။ အချက်အလက်များကောက်ယူရာတွင် ဖြေဆိုသူ စုစုပေါင်း (ကျား/မ) ၄၆ ဦးကို မေးမြန်းနိုင်ခဲ့သည်။ အဆိုပါ စုစုပေါင်း ဖြေဆိုသူများတွင် အမျိုးသမီးဖြေဆိုသူ စုစုပေါင်း ၂၆ ဦးရှိပြီး၊ ရာခိုင်နှုန်းအားဖြင့် ၅၇ ရာခိုင်နှုန်း ရှိသည်။ ဖြေဆိုသူ အမျိုးသားများမှာ စုစုပေါင်းအားဖြင့် ၂၀ ဦးခန့်ရှိပြီး၊ ရာခိုင်နှုန်းအားဖြင့် ၄၃ ရာခိုင်နှုန်းရှိသည်။ ကျား၊ မ ဖြေဆိုသူများ ၏ ရာခိုင်နှုန်းသည် များစွာ ကွာခြားမှုမရှိသောကြောင့် လိင်ကွဲပြားမှုပေါ်မူတည်၍ ဖြေဆိုသည့် အဖြေများသည် များစွာ ကွဲလွဲချက် မရှိနိုင် ကြောင်း မိမိတို့အနေဖြင့် ယူဆပါသည်။

ပုံ (၃) ဖြေဆိုသူများ၏ အသက်အပိုင်းအခြားများ




ဖြေဆိုသူများ၏ အသက်အပိုင်းအခြားကို လေ့လာရာတွင် စုစုပေါင်းဖြေဆိုသူများ၏ ၅၇ ရာခိုင်နှုန်းသည် ၁၈-၂၁ နှစ် အသက်အုပ်စုဖြစ်ပြီး၊ ဒုတိယအများဆုံးဖြေဆိုသူများသည် အသက် ၁၄-၁၇ နှစ် အုပ်စုဖြစ်ပြီး အဆိုပါ အသက်အုပ်စု၏ ရာခိုင်နှုန်းသည် ၂၆ ရာခိုင်နှုန်းဖြစ် သည်။ တတိယဖြေဆိုသူ အများဆုံးဖြစ်သည့် အသက်အုပ်စု ၂၂-၂၅ နှစ်အုပ်စု၏ ရာခိုင်နှုန်းသည် ၁၁ ရာခိုင်နှုန်းဖြစ်ပါသည်။

အနည်းဆုံး ဖြေဆိုသူများမှာ ၃၀ နှစ် နှင့် အထက် ဖြေဆိုသူများဖြစ်ပြီး၊ ရာခိုင်နှုန်းအားဖြင့် ၄ ရာခိုင်နှုန်းသာရှိသည်။ အသက်အုပ်စု တစ်ခုချင်းစီရှိ ဖြေဆိုသူအမျိုးသမီး၊ အမျိုးသားများ၏ ပါဝင်မှုကို လေ့လာရာတွင် ၁၄-၁၇ နှစ် အသက်အုပ်စုတွင် အမျိုးသားဖြေဆိုသူများမှာ ၇၅ ရာခိုင်နှုန်းဖြစ်ပြီး၊ အမျိုးသမီးများမှာ ၂၅ ရာခိုင်နှုန်းဖြစ်သည်။ ၁၈-၂၁ အသက်အုပ်စုတွင် ဖြေဆိုသူ အမျိုးသားများမှာ ၃၅ ရာခိုင်နှုန်းဖြစ်ပြီး၊ ကျန် ၆၅ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်သည်။

စုစုပေါင်းဖြေဆိုမှုတွင် အများဆုံး အသက်အုပ်စုဖြစ်သည့် ၁၈-၂၁ အသက်အုပ်စုတွင် အမျိုးသမီးဖြေဆိုသူများသည်၊ ဖြေဆိုသူ အမျိုးသားများထက် ပိုများနေကြောင်းတွေ့ရသည်။ ၂၂-၂၅ အသက်အုပ်စုတွင် အမျိုးသားဖြေဆိုသူများသည် ၂၀ ရာခိုင်ရှိပြီး၊ အမျိုးသမီးများမှာ ၈၀ ရာခိုင်နှုန်းရှိသည်။ အဆိုပါ အသက်အုပ်စုတွင် အမျိုးသမီးဖြေဆိုသူများသည် အမျိုးသားဖြေဆိုသူများ ထက် ပိုများနေပေသည်။ အသက် ၃၀နှင့် အထက် အုပ်စုတွင် ဖြေဆိုကျား/မ သည် အချိုးညီမျှသည်။

## ဖြေဆိုသူများ၏ အလုပ်အကိုင်

| ဖြေဆိုသူများ | ဦးရေ | ရာခိုင်နှုန်း |
|---|---|---|
| ကျောင်းသူ/ သား | ၃၅ ဦး | ၇၆ % |
| အလုပ်လုပ် | ၁၀ ဦး | ၂၂ % |
| အလုပ်တစ်ဖက်၊ ကျောင်းတစ်ဖက် | ၁ ဦး | ၂ % |
| စုစုပေါင်း | ၄၆ ဦး | ၁၀၀ % |

ဖြေဆိုသူများ၏ အလုပ်အကိုင်များကိုလေ့လာရာတွင် ဖြေဆိုသူ အများစုသည် ကျောင်းသူ၊ ကျောင်းသားများဖြစ်ပါသည်။ ဖြေဆိုသူ စုစုပေါင်း၏ ၇၆ ရာခိုင်နှုန်းသည် ကျောင်းသူ/သားများဖြစ်ကြပြီး၊ ၂၂ ရာခိုင်နှုန်းမှာ လက်ရှိတွင် အလုပ်လုပ်ကိုင်လျှက်ရှိသူများဖြစ်ကြ သည်။ စုစုပေါင်းတွင် အလုပ်တစ်ဖက်၊ ကျောင်းတစ်ဖက်လုပ်ကိုင်လျက်ရှိသူမှာ ၂ ရာခိုင်နှုန်းသာရှိသည်။

## မေးခွန်း (၁) ပုံ (၄) ပွဲတော်သတင်းရရှိမှု (စုစုပေါင်း)



ဤပွဲတော်နှင့် ပတ်သက်ပြီး ပြည်သူများ သိရှိစေရန် ကြေငြာရာတွင် အစိုးရအနေဖြင့် အများပြည်သူများလက်လှမ်းမှီနိုင်သည့် ကြားခံမီဒီယာများစွာကို အသုံးပြုခဲ့သည်။ ယခုပွဲတော်နှင့် ပတ်သက်ပြီး ဖြေဆိုသူများအနေဖြင့် မည်သည့် သတင်းအရင်းအမြစ်က ရရှိသည်ကို လေ့လာရာတွင် ဖြေဆိုသူ စုစုပေါင်း၏ ၃၈ ရာခိုင်နှုန်းသည် သူငယ်ချင်း/ မိတ်ဆွေများမှ တစ်ဆင့် သိရှိခြင်းဖြစ်ပြီး၊ ဒုတိယ အများဆုံးဖြစ်သည့် ၃၀ ရာခိုင်နှုန်းသည် လူမှုကွန်ယက် (Facebook) မှ တစ်ဆင့် သိရှိရသည်ဟု ဖြေဆိုကြသည်။ တတိယအများဆုံးမှာ ၁၄ ရာခိုင်နှုန်းဖြစ်သည်။ အဆိုပါ ရာခိုင်နှုန်းသည် အသီးသီးသော တက္ကသိုလ်များမှ တစ်ဆင့် သိရသည်ဟု ဆိုကြသည်။ ထို့အပြင် ဖြေဆိုသူစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းသည် ရုပ်သံမှ တစ်ဆင့် သိရှိကြပြီး၊ ကျန်ရာခိုင်နှုန်းများဖြစ်သည့် ၄ ရာခိုင်နှုန်းသည် လမ်းပေါ်ရှိ ကြော်ငြာဆိုင်းဘုတ်များနှင့် ကြော်ငြာဆိုင်းဘုတ်များ မှ တစ်ဆင့် သိရှိကြသည်ဟု အသီးသီးဖြေဆိုကြသည်။

မေးခွန်း (၁) ပုံ (၅) ပွဲတော်အကြောင်းကို ဘယ်ကနေ သိရှိပါသလဲ? (ကျား/မ နှိုင်းယှဉ်ဖော်ပြချက်)




ဖြေဆိုသူ ကျား/မ ကို အခြေပြု၍ လေ့လာရာတွင် ဤပွဲသတင်းကို လူမှုကွန်ယက်မှ သိရှိကြသည့် ဖြေဆိုသူအများစုမှာ အမျိုးသမီးများဖြစ်ကြသည်။ ရာခိုင်နှုန်းအားဖြင့် ၆၇ ရာခိုင်နှုန်းဖြစ်ပြီး၊ အမျိုးသားများမှာ ၃၃ ရာခိုင်နှုန်းဖြစ်သည်။ ရုပ်သံမှ တစ်ဆင့် သတင်းရရှိမှုမှာ အမျိုးသားဖြေဆိုသူများသည်၊ အမျိုးသမီးများထက် ပိုများနေသည်၊ ရာခိုင်နှုန်းအားဖြင့် အမျိုးသားဖြေဆိုသူများသည် ၆၀ ရာခိုင်နှုန်းရှိပြီး၊ အမျိုးသမီးများမှာ ၄၀ ရာခိုင်နှုန်းရှိသည်။ ကျန်ရှိသော Media လမ်းကြောင်းများမှာ ရာခိုင်နှုန်းအားဖြင့် များစွာကွာခြားမှုမရှိပေ။

မေးခွန်း (၂) ပုံ (၆) မိမိအတွက် ဤပွဲတော်မှ ဘာအကျိုးအမြတ်ရမည်ဟု မျှော်လင့်ပါသနည်း?




ဖြေဆိုသူများ၏ မျှော်လင့်ချက်များကို မိမိတို့အနေဖြင့် လေ့လာခဲ့ပါသည်။ ဤပွဲသို့လာရောက်ခဲ့သော ဖြေဆိုသူများသည် မျှော်လင့်ချက်အသီးသီးဖြင့် လာရောက်ခဲ့ကြသည်။ ထိုအခြေအနေကို ဖြေဆိုသူ အမျိုးသမီး၊ အမျိုးသားအကြား ကွဲပြားမှုကို လေ့လာရာ တွင် အနုပညာဗဟုသုတ ရရှိရန် မျှော်လင့်ချက်များကို ဖြေဆိုသူအမျိုးသမီး ၆၉ ရာခိုင်နှုန်းက ဖြေဆိုထားကြပြီး၊ အမျိုးသားဖြေဆိုသူများ မှာ ၃၁ ရာခိုင်နှုန်းရှိသည်။ ကျန်မာရေးဗဟုသုတ၊ ပညာရေးဗဟုသုတ၊ အားကစား၊ နှင့် ဖျော်ဖြေရေး အတွက် မျှော်လင့်၍ လာကြသူများတွင် အမျိုးသမီး၊ အမျိုးသားဖြေဆိုသူများမှာကွာခြားမှု မရှိပေ။

သို့သော် အလုပ်အကိုင်နှင့် ပတ်သက်၍ မျှော်လင့်မှုတွင် အမျိုးသမီး ဖြေဆိုသူများက အမျိုးသားဖြေဆိုသူများထက် ပိုများသည်။ ရာခိုင်နှုန်းအားဖြင့် အမျိုးသမီးဖြေဆိုသူများမှာ ၇၁ ရာခိုင်နှုန်းဖြစ်ပြီး၊ အမျိုးသားများမှာ ၂၉ ရာခိုင်နှုန်းဖြစ်သည်။ ထို့ကြောင့် ဤပွဲတော် လာရောက်ရခြင်း၏ အမျိုးမျိုးသော မျှော်လင့်ချက်များမှ ဖြေဆိုသူအမျိုးသမီးများသည် အလုပ်အကိုင်အခွင့်အလမ်းနှင့် ပတ်သက်ပြီး ပို၍ စိတ်ဝင်စားလျက်ရှိကြသည်။ သို့သော်လည်း ဖြေဆိုသူအများစုသည် ကျောင်းသူ/ ကျောင်းသားများဖြစ်သော်လည်း အလုပ်အကိုင်အခွင့်အလမ်း ရရှိရေးကို စိတ်ဝင်စားသည်ကို ထင်ရှားစွာတွေ့ရှိရပါသည်။

မေးခွန်း (၃) ပုံ (၇) ပွဲတော်ကို လှည့်လည်လေ့လာပြီးနောက် စိတ်ကျေနပ်မှု (ဖြေဆိုသူ စုစုပေါင်း)




ဖြေဆိုသူများ၏ ပွဲတော်ကို လာရောက်လေ့လာခဲ့ပြီးနောက်တွင် စိတ်ကျေနပ်မှုရှိ၊ မရှိကို လေ့လာရန်လည်း လိုအပ်ပေသည်။ ထို့ကြောင့် မိမိတို့အနေဖြင့် ဖြေဆိုသူများ၏ စိတ်ကျေနပ်မှုများကို လေ့လာရာတွင် ဖြေဆိုသူ စုစုပေါင်း၏ ၃၆ ရာခိုင်နှုန်းသည် လွန်စွာမှ စိတ်ကျေနပ်မှု ရှိကြကြောင်းဖြေဆိုကြသည်။ ဖြေဆိုသူ၏ ၅၆ ရာခိုင်နှုန်းသည် စိတ်ကျေနပ်မှုရှိသည်ဟုဖြေဆိုကြပြီး၊ စိတ်ကျေနပ်မှု မရှိဟု ဖြေဆိုသူများမှာ ၄ ရာခိုင်နှုန်းသာရှိသောကြောင့် ဖြေဆိုသူ ၉၀ ရာခိုင်နှုန်းသည် စိတ်ကျေနပ်မှုရှိသည်ဟု အဓိပ္ပါယ်သက်ရောက်ပါသည်။

ပုံ (၈) ဖြေဆိုသူ အမျိုးသားများအား ရာခိုင်နှုန်းဖြင့်ဖော်ပြချက်



ဖြေဆိုသူအမျိုးသမီး/ အမျိုးသားများကို ခွဲခြားလေ့လာရာတွင် ဖြေဆိုသူအမျိုးသားများတွင် အလွန်စိတ်ကျေနပ်မှုရှိသည်နှင့် စိတ်ကျေနပ်မှုရှိပါသည်ဆိုသည့် ရာခိုင်နှုန်းသည် အများဆုံးဖြစ်သည်။ ရာခိုင်နှုန်းအားဖြင့် နှစ်ခုပေါင်းပါက ၉၅ ရာခိုင်နှုန်း (၄၅%+၅၀%) ရှိသည်။ ဖြေဆိုသူအမျိုးသားတွင် အနည်းဆုံးဖြစ်သည့် ၅ ရာခိုင်နှုန်းသည် စိတ်ကျေနပ်မှု မရှိကြောင်းဖြေဆိုကြသည်။

မေးခွန်း (၃) ဤပွဲတော်ကို လာရောက်ရခြင်းအပေါ် စိတ်ကျေနပ်မှု ရှိပါသလား?

ပုံ (၉) ဖြေဆိုသူ အမျိုးသမီးများအား ရာခိုင်နှုန်းဖြင့်ဖော်ပြချက်




ဖြေဆိုသူအမျိုးသမီးများ၏ စိတ်ကျေနပ်မှုများကိုတိုင်းတာရာတွင် ဖြေဆိုသူအမျိုးသမီးစုစုပေါင်းတွင် စိတ်ကျေနပ်မှုရှိသည်ဟု ဖြေဆိုသူများသည် ၈၈ ရာခိုင်နှုန်း (၆၄%+၂၄%) ရှိသည်။ ၄ ရာခိုင်နှုန်းသော ဖြေဆိုသူအမျိုးသမီးများသည် စိတ်ကျေနပ်မှုမရှိဟုဖြေဆို ကြပြီး၊ ၈ ရာခိုင်နှုန်းသည် ဤပွဲတော်မှ စိတ်ကျေနပ်မှု ရရှိသည်/မရရှိသည်ကို ၎င်းတို့ကိုယ်တိုင် မသိပေ။

## မေးခွန်း (၄) လူငယ်တွေအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ယခုလိုပွဲတော်မျိုး ကျင်းပခြင်းအပေါ် အမြင်

အထက်ပါ အဖွင့်မေးခွန်းကို မေးမြန်းရာတွင် ဖြေဆိုသူများမှ ပွဲတော်၏ စီမံခန့်ခွဲမှုကို ပိုမိုကောင်းမွန်သင့်ကြောင်း အကြံပြုကြပါသည်။ ထို့အပြင် ဤပွဲတော်မျိုးကို နှစ်တိုင်းလုပ်သင့်ကြောင်း၊ ရန်ကုန်တက္ကသိုလ်မှာမှ မဟုတ်ဘဲ တစ်ခြားနယ်တွေမှာလဲ လုပ်သင့်ကြောင်း အကြံပြုကြပါသည်။ ဤပွဲတော်သည် ကျောင်းသား/သူများအတွက် ပညာရေးဆိုင်ရာ အသိပညာများ ဖန်တီးပေးမှု၊ အလုပ်အကိုင်များ ရှာပေးနိုင်မှု အပေါ်တွင် ကောင်းမွန်သည်ဟု ထင်မြင်ပြီး

IT ပိုင်းတွင် သိသာသော အမြင်များ ရရှိခဲ့သည်ဟု သိရပါသည်။ ထို့အပြင် ဤပွဲတော်သည် လူငယ်တွေရဲ့ ဖန်တီးမှု၊ ကြိုးစားအားထုတ်မှု၊ ကာယဉာဏ၊ စွမ်းရည်တွေကို ဖော်ထုတ်ခွင့်ရသည့် ပွဲဖြစ်သည့်အတွက် အကျိုးရှိကြောင်း ထင်မြင်ကြပါသည်။

## မေးခွန်း (၅) ဤပွဲတော်ရဲ့ အားသာချက်တွေနဲ့ အားနည်းချက်က ဘာတွေလဲ

**အားသာချက်များ**

ဤပွဲတော်၏ အားသာချက်များမှာ ဗဟုသုတများစွာရရှိပြီး လူငယ်တွေ ကြိုးစားချင်စိတ် ပေါ်လွင်စေခြင်း၊ လူငယ်တွေအချင်းချင်း တွေ့ဆုံနိုင်ခြင်း၊ တီထွင်စမ်းသပ်မှုများ တွေ့ရခြင်း၊ စာအုပ်များ ဝယ်လို့ရခြင်း၊ အားကစားတွေပြိုင်ပွဲများ၊ ဂိမ်းများဆော့နိုင်ခြင်း တို့ဘဲ ဖြစ်ပါတယ်။

**အားနည်းချက်များ**

ဤပွဲတော်၏ အားနည်းချက်များမှာ ကျောင်းတိုင်း မပါဝင်နိုင်ခြင်း၊ ပွဲတော်ကပေးသော တိကျသော Massage ပေးနိုင်ခြင်းထက် ဖျော်ဖြေရေးပွဲ ပုံစံဖြစ်နေခြင်း၊ Smoking Area မရှိခြင်း၊ အိမ် အိမ်သာများ၊ အမှိုက်ပုံများ မလုံလောက်ခြင်း၊ စာအုပ်ရောင်းချသော ဈေးတန် ဈေးတန်းအနီးတွင် ဖျော်ဖြေပွဲရှိသောကြောင့် ဆူညံမှုရှိခြင်းနှင့် Recreation Center အနီးအဝိုက်တွင် အနံ့အသက် မကောင်းခြင်းတို့ ဖြစ်ကြောင်း ဖြေဆိုကြ ပါသည်။ ထို့အပြင် Guest Speaker များမှာ အနုပညာသမားများထက် လူငယ်များဘဝအတွက် အ ကျိုးရှိစေနိုင်သော အထင်ကရလူများကိုသာ ဖိတ် ဖိတ်ကြားသင့်ကြောင်း ဖြေဆိုကြပါသည်။ ဤပွဲတော်တွင် ကျောင်းသားများ၏ နိုင်ငံရေးန နိုင်ငံရေးနှင့် ပတ်သက်၍ လွတ်လပ်စွာဆွေးနွေးနိုင်သည့် အခွင့်အရေးနည်းပါးခြင်း စသည်ဖြင့် ဖြေဆိုကြပါသည်။

မေးခွန်း (၆) ပုံ (၁၀) ယခုလို ပွဲတော်မျိုးကို အခြားတက္ကသိုလ်များတွင် လုပ်မယ်ဆိုရင် လာဖို့ ဆန္ဒရှိပါသလား




ယခုပွဲတော်သည် ကမာရွတ်မြို့နယ်ရှိ ရန်ကုန်တက္ကသိုလ်တွင် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် ယခုကဲ့သို့ လူငယ်ဖွံ့ဖြိုးရေးပွဲတော်မျိုးကို ရန်ကုန်မြို့ရှိ အခြားသောတက္ကသိုလ်အသီးသီးတွင် ကျင်းပပြုလုပ်မည်ဆိုပါက ယခုကဲ့သို့ လာရောက်ရန် ဆန္ဒရှိ၊ မရှိ မေးမြန်ရာတွင် ဖြေဆိုသူ စုစုပေါင်း၏ ၈၇ ရာခိုင်နှုန်းသည် လာရောက်လေ့လာရန် ဆန္ဒရှိကြသည်ဟု ဖြေဆိုကြသည်။ ၁၃ ရာခိုင်နှုန်းအနေဖြင့် လာရောက်ရန် ဆန္ဒမရှိကြောင်းဖြေဆိုကြသည်။ ထို့ကြောင့် ယခုကဲ့သို့ ပွဲတော်မျိုးကို အခြားတက္ကသိုလ်များတွင် ကျင်းပပေးရန် စဉ်းစားသင့်ပါသည်။

အမျိုးသမီး/ အမျိုးသားအကြား အဆိုပါ မေးခွန်းအပေါ် ဖြေဆိုမှုများကို လေ့လာရာတွင် အမျိုးသမီးဖြေဆိုသူ စုစုပေါင်းတွင် ၁၅ ရာခိုင်နှုန်းသည် ရန်ကုန်မြို့ရှိ အခြားသော တက္ကသိုလ်များတွင် ကျင်းပပါက လာရောက်လေ့လာရန် ဆန္ဒမရှိကြောင်းဖြေဆိုကြပြီး ၊ ၈၅ ရာခိုင်နှုန်းသည် သွားရောက်ရန် ဆန္ဒရှိကြသည်။ ဖြေဆိုသူ အမျိုးသားများ၏ ဖြေဆိုမှုများကို လေ့လာရာတွင် ဖြေဆိုသူအမျိုးသားစုစု ပေါင်းတွင် ၉၀ ရာခိုင်နှုန်းသည် အခြားတက္ကသိုလ်များတွင်လည်းပြုလုပ်ပါက သွားရောက်ရန် ဆန္ဒရှိကြပြီး၊ ၁၀ ရာခိုင်နှုန်းသည် သွားရောက်ရန် စိတ်ဝင်စားမှုမရှိကြပေ။

### မေးခွန်း (၇) ဒီပွဲတော်က လူငယ်တွေကို ဘယ်လို Massage မျိုးပေးနိုင်တယ်လို့ ထင်ပါသလဲ

ဤပွဲတော်သည် ဗဟုသုတ ပေးခြင်း၊ ဘက်စုံဖွံ့ဖြိုးမှုအတွက် အကျိုးရှိခြင်း၊ လူငယ်များ၏ တီထွင်ဖန်တီးလိုသောစိတ်၊ အအ အသစ်အသစ်သော တီထွင်ဆန်းသစ်မှုများ၊ သိမြင်လိုစိတ်နှင့် လုပ်ရည်ကိုင်ရည် တိုးတက်လာနိုင်ခြင်း၊ နည်းပညာ၊ အန နည်းပညာ၊ အနုပညာ၊ ဗဟုသုတ၊ အသိပညာ အစ ရှိသော Massageများ ပေးနိုင်ကြောင်း၊ လူငယ်များကို ကြိုး ကြိုးစားချင်စိတ်၊ အောင်မြင်ချင်စိတ်များ၊ စာဖတ်ချင်စိတ်၊ အတွေးသစ် အမြင်သစ်များ ရစေနိုင်ကြောင်း ဖြေကြား ဖြေကြားကြသည်ကို တွေ့ရပါသည်။

### မေးခွန်း(၈) ပုံ(၁၁) မိမိအတွက် ဤပွဲမှ ဘာတွေ့လေ့လာရရှိခဲ့ပါသလဲ

ဖြေဆိုသူ စုစုပေါင်း




ဖြေဆိုသူများအနေဖြင့် မည်သည့် ဗဟုသုတများကိုလေ့လာခဲ့လေ့လာရရှိခဲ့ပါသလဲ ဆိုသည့်မေးခွန်းကို မေးမြန်းရာတွင် ဖြေဆိုသူ စုစုပေါင်း၏ ၃၈ ရာခိုင်နှုန်းသည် ပညာရေးနှင့် ပတ်သက်၍ လေ့လာခဲ့နိုင်ခဲ့ကြပြီး၊ ၂၂ ရာခိုင်နှုန်းသည် အနုပညာနှင့် ပတ်သက်၍ ဗဟုသု တရခဲ့ကြသည်ဟု ဖြေဆိုကြသည်။ တတိယအများဆုံးဖြစ်သည် ၁၄ ရာခိုင်နှုန်းသော ဖြေဆိုသူများသည် ၎င်းတို့အနေဖြင့် ဖျော်ဖြေရေး ဗ ဟုသုတများရရှိခဲ့သည်ဟုဆိုကြသည်။ အလုပ်အကိုင်၊ အားကစား ကျန်မာရေး ဗဟုသုတ များသည် အနည်းငယ်ဆုံးသော ရာခိုင်နှုန်းများ ဖြစ်ကြသည်။

ပုံ (၁၂) ဖြေဆိုသူ အမျိုးသားများအား ရာခိုင်နှုန်းဖြင့်ဖော်ပြချက်




ဤပွဲမှ လေ့လာခဲ့သော ဇဟုသုတများနှင့် ပတ်သက်ပြီး အမျိုးသားဖြေဆိုသူများကို လေ့လာရာတွင် ဖြေဆိုသူ အမျိုးသားစုစုပေါင်းတွင် ၄၇ ရာခိုင်နှုန်းသည် ပညာရေးနှင့် ပတ်သက်သော ဗဟုသုတများကို ရရှိခဲ့ပြီး၊ ၁၇ ရာခိုင်နှုန်းသည် အနုပညာဗဟုသုတများကို ရရှိခဲ့ကြ သည်ဟု ဖြေဆိုကြသည်။ ဖြေဆိုသူ အမျိုးသားစုစုပေါင်း၏ ၁၄ ရာခိုင်နှုန်းသည် ကျန်းမာရေးဗဟုသုတကို ဖြေဆိုခဲ့ကြပြီး၊ အလုပ်အကိုင်၊ ဖျော်ဖြေရေး၊ အားကစား စသည့် ဗဟုသုတများကို ရရှိခဲ့သည့် ဖြေဆိုသူများမှာ ရာခိုင်နှုန်းအနည်းငယ်သာရှိကြသည်။

ပုံ (၁၃) ဖြေဆိုသူ အမျိုးသမီးများအား ရာခိုင်နှုန်းဖြင့်ဖော်ပြချက်



ဖြေဆိုသူအမျိုးသမီးများတွင် ယခုပွဲတော်မှ လေ့လာနိုင်ခဲ့မှုများကိုမေးမြန်းရာတွင် ဖြေဆိုသူ အမျိုးသမီးစုစုပေါင်းတွင် ၃၁ ရာခိုင်နှုန်းသည် ပညာရေးနှင့် ပတ်သက်၍ လေ့လာနိုင်ခဲ့ပြီး ၂၅ ရာခိုင်နှုန်းသည် အနုပညာဗဟုသုတကို လေ့လာခဲ့ကြသည်ဟုဖြေဆိုကြသည်။ ဖျော်ဖြေရေးနှင့် ပတ်သက်သော ဗဟုသုတများကို လေ့လာရရှိခဲ့သည်ဟု ဖြေဆိုသော ရာခိုင်နှုန်းမှာ ဖြေဆိုသူ အမျိုးသမီးစုစုပေါင်းတွင် ၁၆ ရာခိုင်နှုန်းရှိသည်။

## ဆွေးနွေးချက်နှင့် အကြံပြုချက်များ

လူငယ်များကို ထိတွေ့ဆက်ဆံနိုင်သည့် သို့မဟုတ် ပညာပေးမှုများကို ပြုလုပ်နိုင်သည် ကြားခံ လမ်းကြောင်းမှာ Facebook ကဲ့သို့ လူမှုကွန်ယက်များဖြစ်ကြောင်း တွေ့ရှိရမည်ဖြစ်သည်။ ထိုကြောင့် ဖြေဆိုသူများ၏ Digital Literacy များသည် ကောင်းမွန်သော အခြေအနေတွင်ရှိနေသည့်အတွက် ၎င်းကိုအသုံးပြု၍ လူငယ်များဖွံ့ဖြိုးလုပ်ငန်းများကိုလုပ်ဆောင်နိုင်မည်ဖြစ်သည်။ သို့သော်လည်း ယခုလေ့လာမှုသည် မြန်မာနိုင်ငံလုံးရှိလူငယ်များကို ကိုယ်စားပြုတင်ပြထားခြင်းမရှိပေ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် တာဝန်ယူနေသော အစိုးရလက်ထက် ပထမဆုံးအကြိမ်ကျင်းပသော လူငယ်ဘက်စုံ ဖွံ့ဖြိုးရေးပွဲတော်သည် လူသားအရင်းမြစ်ကို မွေးထုတ်ပေးသော ပွဲတော်ဖြစ်သည်ဟု ဒုတိယသမ္မတ ဦးမြင့်ဆွေကဆိုသည်။ လူသားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်ရန်အတွက် ဤပွဲတော်သည် အရေးကြီးသော ခြေလှမ်းဖြစ်ပေလိမ့်မည်။ သို့သော်လည်း အမှန်တကယ် လူသားအရင်းအမြစ်များမွေးထုတ်ပေးနိုင်ရန်အတွက် မှန်ကန်သော အလုပ်ဖြစ်မည့် လူငယ်မူဝါဒများရေးဆွဲရန်လိုအပ်နေသေးသည်။

ယခုဖော်ဆောင်မှုသည် လူငယ်မူဝါဒမရှိသေးဘဲ ဖော်ဆောင်ခဲ့သော NLDအစိုးရ၏ ပွဲဦးထွက် လူငယ်ဖွံ့ဖြိုးရေး အစီအစဉ်တစ်ခုဖြစ်သည်။ သို့သော်လည်း လူငယ်ဖွံ့ဖြိုးရေး အစီအစဉ်များကို ဖော်ဆောင်ရာတွင် အဓိက တာဝန်ရှိသော ဝန်ကြီးဌာနမှာ လူမှုဝန်ထမ်းနှင့် ကယ်ဆယ်ရေး ဝန်ကြီးဌာန ဖြစ်သော်လည်း၊ ယခု လူငယ်ဘက်စုံဖွံ့ဖြိုးရေး ပွဲတော်ကို ဦးဆောင်သော ကျင်းပရေး ဦးစီးကော်မတီဥက္ကဌမှာ ပြန်ကြားရေး ဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်ဖြစ်သည်။ နာယကမှာ ဒုတိယသမ္မတ ဦးမြင့်ဆွေဖြစ်ပြီး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဒေါက်တာရန်မျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ် အောင်စိုးနှင့် တိုင်းဒေသကြီး များ၊ ရန်ကုန်တိုင်းစစ်ဌာချုပ်ဒုတိယတိုင်းမှူးနှင့်

ပွဲတော်ကျင်းပရေး ဦးစီးကော်မတီဝင်များ၊ လုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီနှင့် ဌာနဆိုင် ရာ တာဝန်ရှိသူများပါဝင်သည်ဟုဆိုသည်။[1]

ဖော်ပြချက်များအရ လူမှုဝန်ထမ်းနှင့် ကယ်ဆယ်ရေးဝန်ကြီးဌာန၏ ပါဝင်ဆောင်ရွက်မှုမှာ များစွာမပေါ်လွင်ကြောင်းတွေ့ရသည်။ ထို့အပြင် ယခုလူငယ်ဖွံ့ဖြိုးရေးပွဲတော်သည် မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းအသီးသီးတွင် နေထိုင်ကြသော လူငယ်များတိုးတက်မှုအတွက်လည်း မည်ကဲ့သို့ မျှဝေသွားမလဲဆိုသည်မှာ ဖြေဆိုရန် ကျန်ရှိနေသေးသော မေးခွန်းများဖြစ်သည်။

အဘယ်ကြောင့် ဆိုသော ယခုကဲ့သို့ နိုင်ငံတော်မှ ကြီးမှုကျင်းပသော လူငယ်ဖွံ့ဖြိုးရေးပွဲများသည် မြို့ပြတွင် နေထိုင်ကြသော လူငယ်များ အတွက် လေ့လာသင်ယူနိုင်သော အခြေအနေကို ဖန်းတီးပေးထားပြီး၊ ကျေးလက်နေလူငယ်များအတွက် အကျုံးဝင်ခြင်းမရှိပေ။ ထို့ကြောင့် မိမိတို့အနေဖြင့် တစ်နိုင်ငံလုံးရှိ လူငယ်များကို အကျုံးဝင်နိုင်သော သို့မဟုတ် အားလုံးကို ကိုယ်စားပြုနိုင်သော လူငယ်မူဝါဒ ပေါ်ပေါက်လာစေရန် တိုက်တွန်းပါသည်။

မိမိတို့၏ မူဝါဒဆိုင်ရာ အကြံပြုချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) လူငယ်များအတွက် မူဝါဒချမှတ်ရာတွင် အစိုးရမှ လူမှုကွန်ယက်ကဲ့သို့သော နည်းပညာများကို ထိရောက်စွာအသုံးပြုရန်

(ခ) ဗလငါးတန်နှင့် ပြည့်စုံသော ဘက်စုံလူငယ်ဖွံ့ဖြိုးရေး အခြေအနေဖြစ်လာစေရန်မှာ လူငယ်များ၏ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍအတွက် အသုံးစရိတ်ကို အစိုးရမှ မြင့်တင်ရမည် ဖြစ်သည်

(ဂ) လူငယ်များ၏ ပညာရေးကဏ္ဍတိုးတက်စေရန် ဘာသာရပ်မျိုးစုံအတွက် နိုင်ငံခြားပညာတော်သင်ပေးသည့် အခွင့်အရေးများကို အစိုးရမှ ပိုမို လုပ်ဆောင်ပေးသင့်သည်

(ဃ) လူငယ်များ၏ ကျန်းမာရေးကဏ္ဍတိုးတက်စေရန် ငယ်ရွယ်စဉ်အသက်အရွယ်တွင် အာဟာရပြည့်မီစွာ ရရှိစေရန် အစိုးရမှ ဆောင်ရွက်ပေးရန်

---

[1] မြန်မာ့အလင်း၊ ၂၇၊ နိုဝင်ဘာ၊ ၂၀၁၇ ခုနှစ်

(င) မြန်မာနိုင်ငံတွင် လူငယ်များ၏ မိုလ်ဘိုင်းဖုန်းကိုင်ဆောင်မှုသည် များပြားလာသည့်အတွက် လူငယ်များ အင်တာနက်သုံး၍ လေ့လာနိုင်ရန် အခမဲ့ အင်တာနက် သုံးစွဲနိုင်သော နေရာများကို အစိုးရမှ ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံးတွင် လုပ်ဆောင်ပေးရန်

(စ) မိမိတို့လေ့လာရသော အချက်အလက်များအရ လူငယ်များ အလုပ်အကိုင်ရရှိရန် ခက်ခဲနေသည်ကိုတွေ့ရပါသည်။ လူငယ်များ၏ လူဦးရေစုစုပေါင်းသည် တစ်နိုင်ငံလုံး လူဦးရေ၏ ၆၀ရာခိုင်နှုန်းကျော်ရှိသည့်အတွက် အဆိုပါ လူဦးရေအုပ်စုသည် အလုပ်အကိုင်မရရှိပါက ၎င်းတို့မှ ပြန့်ပွားလာမည့် နောက်မျိုးဆက်များအပေါ်ဆိုးကျိုးများ သက်ရောက်လာမည်ဖြစ်သည်၊[2] ထို့ကြောင့် လူငယ်များ၏ ရေရှည် အလုပ်အကိုင်တည်တံ့စေရန် အစိုးရမှ အလုပ်အကိုင်ဖန်တီးမှုများ ပြုလုပ်ပေးရန်

(ဆ) လူငယ်တို့၏ လိုအပ်ချက်များ၊ ဘဝအာမခံချက်ရရှိရေး၊ ၎င်းတို့လုပ်ချင်သော အိမ်မက်များ၊ မျှော်လင့်ချက်များကို သိရှိနိုင်ရန်နှင့် လက်တွေ့အကောင်အထည်ဖော်နိုင်သော မူဝါဒချမှတ်နိုင်ရန်အတွက် သုတေသနပြု့သင့်ပါသည်။ ။

---

[2] ဥပမာ - သက်ကြီး လူဦးရေများသော လူအုပ်စုကို သက်ငယ်လူဦးရေ နည်းသော လူအုပ်စုက ၎င်းတို့၏လူမှုရေး၊ စီးပွားရေးတာဝန်ကို ထမ်းထားရမည့် ဂျပန်နိုင်ငံ၏ ပြဿနာမျိုးဖြစ်သည်။